အရာရာတိုင်းသည်သက္ကဒီရ်သတ်မှတ်ချက်အတိုင်းသာဖြစ်ပေါ်လာခြင်းဖြစ်၏။ မစွမ်းဆောင်နိုင်ခြင်းနှင့်

စွမ်းဆောင်နိုင်ခြင်းသည်ပင်လျှင် သို့မဟုတ်

စွမ်းဆောင်နိုင်ခြင်းနှင့်

မစွမ်းဆောင်နိုင်ခြင်းသည်ပင်လျှင်

သက္ကဒီရ်သတ်မှတ်ချက်အတိုင်းသာ ဖြစ်ပေါ်လာခြင်းဖြစ်၏။

သွာဝုစ်က ဆင့်ပြန်ပြောကြားခဲ့သည်။ ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ သာဝကတော်အချို့နှင့် ဆုံတွေ့ခဲ့သည်။
၎င်းတို့အားလုံးက အရာရာတိုင်းသည် သက္ကဒီရ်သတ်မှတ်ချက်အတိုင်းသာ
ဖြစ်ပေါ်လာသည်ဟူ၍သာ ပြောဆိုကြသည်။ ဆင့်ပြန်သူက ပြောကြားခဲ့သည်။ ကျွန်တော်သည်အဗ်ဒုလ္လာဟ်ဗင်န်အုမရ်(ရဿွိယလ္လာဟုအန်ဟုမာ) ပြောကြားသည်ကို ကြားသိခဲ့ရသည်။
၎င်းကပြောကြားသည်မှာ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။
အရာရာတိုင်းသည်သက္ကဒီရ်သတ်မှတ်ချက်အတိုင်းသာဖြစ်ပေါ်လာခြင်းဖြစ်၏။
မစွမ်းဆောင်နိုင်ခြင်းနှင့် စွမ်းဆောင်နိုင်ခြင်းသည်ပင်လျှင် သို့မဟုတ်
စွမ်းဆောင်နိုင်ခြင်းနှင့် မစွမ်းဆောင်နိုင်ခြင်းသည်ပင်လျှင်
သက္ကဒီရ်သတ်မှတ်ချက်အတိုင်းသာ ဖြစ်ပေါ်လာခြင်းဖြစ်၏။
[صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ အရာရာတိုင်းသည်သက္ကဒီရ်သတ်မှတ်ချက်အတိုင်းသာဖြစ်ပေါ်လာသည်။ မစွမ်းဆောင်နိုင်ခြင်းသည်လည်းရေးဆွဲသတ်မှတ်ထားပြီးဖြစ်သည်။ မစွမ်းဆောင်ခြင်းဟူသည် လောကီ၊လောကုတ္တရာနှစ်ဌာနနှင့်သက်ဆိုင်သော ကိစ္စရပ်များကို တာဝန်မကျေပွန်ခြင်း၊ အချိန်ဆွဲခြင်း၊ တာဝန်ကိုသတ်မှတ်ထားသည့်အချိန်ထက် နောက်ဆိုင်းခြင်း စသည်တို့ကို ဆိုလိုသည်။ ထို့အတူစွမ်းဆောင်နိုင်ခြင်းသည်လည်း
ရေးဆွဲသတ်မှတ်ထားပြီးဖြစ်သည်။စွမ်းဆောင်နိုင်ခြင်းဟူသည်
လောကီ၊လောကုတ္တရာနှစ်ဌာနနှင့် သက်ဆိုင်သော ကိစ္စရပ်များကိုတက်ကြွစွာဆောင်ရွက်ခြင်း၊ ကျွမ်းကျင်လိမ္မာမှုရှိခြင်း စသည်တို့ကို ဆိုလိုသည်။အလ္လာဟ်အရှင်မြတ်သည် စွမ်းဆောင်နိုင်ခြင်း၊ မစွမ်းဆောင်နိုင်ခြင်း အပါအ၀င်အရာရာတိုင်းကို ရေးဆွဲသတ်မှတ်ထားပြီးဖြစ်သည်။ မည်သည့်ကိစ္စမဆို အလ္လာဟ်အရှင်မြတ်၏ ‘အိလ်မ်’ အသိပညာတော်နှင့် အရှင်မြတ်၏ အလိုတော်မရှိဘဲ မဖြစ်ပေါ်လာနိုင်ပေ။

http://www.sunnah.global/hadeeth/my/show/65039